တရားမပုံစံအမှတ်-၆၂

# စီရင်ချက်

## သင်္ဃန်းကျွန်းမြို့တော်တရားရုံးတော်၌

## ၂၀၁၉ ခုနှစ်၊ ဇွန်လ၊ (၂၇)ရက်နေ့

## ၂၀၁၉ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၂

Golden Key Co.,Ltd နှင့် ဦးဒီဝင်း

(၎င်း၏ကိုယ်စား ဦးလှစိုး)

တရားလို တရားပြိုင်

တရားလိုအတွက်။ ဦးဇေယျာထွန်း (တရားလွှတ်တော်ရှေ့နေ)

တရားပြိုင်အတွက်။ ဦးအေးလှိုင် (အထက်တန်းရှေ့နေ)

စိုက်ပျိုးရေးဆေးနှင့် မြေဆီဖိုးကျန်ငွေကျပ် (၇၆၅၀၀၀၀/-) ရလိုမှု

## စီရင်ချက်

အမှုမှာ Golden Key Co.,Ltd (၎င်း၏ကိုယ်စား ဦးလှစိုး) မှ တရားပြိုင် ဦးဒီဝင်းအပေါ် စိုက်ပျိုးရေးဆေးနှင့်မြေဆီဖိုးကျန်ငွေကျပ် (၇၆၅၀၀၀၀/-)ရလိုမှုဖြင့် စွဲဆိုထားသည့်အမှုဖြစ်သည်။

တရားလို၏အဆိုလွှာတွင် တရားပြိုင်သည် (၂၈-၇-၂၀၁၆)ရက်နေ့မှစတင်၍ (၂-၃-၂၀၁၇)ရက်နေ့အထိ စိုက်ပျိုးရေးဆေးနှင့်မြေဆီများအား အကြွေးစနစ်ဖြင့် ဝယ်ယူခဲ့ပြီး စုစုပေါင်းတန်ဖိုးငွေ (၉၉၅၀၀၀၀/-)ကျပ်အား တရားလိုကုမ္ပဏီထံသို့ ပေးအပ်ရန်ကျန်ရှိပါကြောင်း တရားပြိုင်မှ (၃၀-၇-၂၀၁၇)ရက်နေ့တွင် ပြန်လည်ပေးဆပ်ပါမည်ဟု (၁၄-၇-၂၀၁၇)ရက်စွဲပါ ဝန်ခံသဘောတူစာချုပ်ပြုလုပ်ခဲ့ကြောင်း တရားပြိုင်အနေဖြင့် ငွေကျပ် (၂၃၀၀၀၀၀/-)အား ပြန်လည်ပေးသွင်းခဲ့သဖြင့် ငွေကျပ် (၇၆၅၀၀၀၀/-)အား ပေးဆပ်စေသည့် အနိုင်ဒီကရီကို စရိတ်နှင့်တကွချမှတ်ပေးပါရန် လျှောက်ထားစွဲဆိုခဲ့သည်။

အမှုတွင် တရားပြိုင်ဖြစ်သူ ဦးဒီဝင်းထံသို့ သမ္မာန်စာထုတ်ဆင့်ခေါ်ထားပြီး ချေလွှာတင်သွင်းရန် ချိန်ဆိုထားရှိခဲ့ရာ တရားပြိုင်ဖြစ်သူမှ ၎င်းအနေဖြင့် တရားလိုစွဲဆိုထားသည့်အတိုင်း ငွေကျပ် (၇၆၅၀၀၀၀/-)အား ပေးအပ်ရန်ကျန်ရှိကြောင်းကို ဝန်ခံချေလွှာတင်သွင်းခဲ့သည်။ တရားပြိုင်ဖြစ်သူအနေဖြင့် တရားလိုစွဲဆိုထားသည့်အတိုင်း မှန်ကန်ကြောင်းကို ဝန်ခံချေလွှာတင်သွင်းခဲ့ပြီး တစုံတစ်ရာငြင်းဆိုထားခြင်းမရှိသည်ကို စိစစ်တွေ့ရှိရသည်။

(ဇင်မင်းထိုက်)
တွဲဖက်မြို့နယ်တရားသူကြီး ( ၃ )
သင်္ဃန်းကျွန်းမြို့နယ်တရားရုံး

တရားပြိုင်အနေဖြင့် ဖွင့်ရှယူထားသော စိုက်ပျိုးရေးဆေးနှင့် မြေဆီဖိုးကျန်ငွေ (၇၆၅၀၀၀ိ/-) တရားလိုထံသို့ ပေးဆပ်ရန် ကျန်ရှိသည်ကို ဝန်ခံလွှာတင်သွင်းပြီးဖြစ်သောကြောင့် တရားလိုတောင်းဆိုသည့် သက်သာခွင့်အား ဥပဒေနှင့်အညီချမှတ်ပေးရန်သာ ရှိပေတော့သည်။

ထိုကြောင့် တရားမကျင့်ထုံးဥပဒေအမိန့်-၁၂၊ နည်းဥပဒေ-၆(၁)အရ တရားပြိုင်ဦးဒိဝင်းအနေဖြင့် စိုက်ပျိုးရေးဆေးနှင့်မြေဆီဖိုးကျန်ငွေကျပ် (၇၆၅၀၀၀ိ/-)အား တရားလိုထံသို့ စရိတ်နှင့်တကွ ပြန်လည်ပေးဆပ်စေရန် အနိုင်ဒီကရီချမှတ်ပေးလိုက်သည်။

ရှေ့နေစရိတ်မသတ်မှတ်

(ဇင်မင်းထက်)

တွဲဖက်မြို့နယ်တရားသူကြီး(၃)

သဃ်န်းကျွန်းမြို့နယ်တရားရုံး